၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄) ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁)၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၈/၂၀၁၂)၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၅/၂၀၁၄) နှင့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၀/၂၀၁၄) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄) ဦးတို့အား ယှဉ်တွဲဖော်ပြပါ အတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၈၇၃၈<br>ဗိုလ်မှူး မျိုးနိုင် | (အစား) | ကြည်း ၃၄၉၅၆<br>ဗိုလ်မှူး ဇော်လင်းအောင် |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

(၂) လေ ၂၆၆၇ (အစား) လေ ၃၄၀၉
ဗိုလ်မှူး ဟန်ဝင်းထွန်း ဗိုလ်ကြီး ဟန်ဝင်းအောင်

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

(၃) ကြည်း ၂၀၆၈၁ (အစား) ကြည်း ၂၅၀၉၇
ဗိုလ်မှူး တိုးအောင် ဗိုလ်မှူး အောင်သီဟ

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

(၄) ကြည်း ၂၈၂၈၀ (အစား) ကြည်း ၃၆၂၅၈
ဗိုလ်မှူး ဇော်မြင့်သူ ဗိုလ်မှူး စံသာနေအောင်

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

### မြို (ခ) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ပါတီအား မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၁) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **မြို (ခ) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ပါတီ** သည် ယင်းပါတီ၏ အမည်ကို **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏ အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **မြို (ခ) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ပါတီ** အား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှစ၍ **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

**နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသည့် နိုင်ငံခြားသားနှင့် မြန်မာနိုင်ငံသားဟောင်းများအား လိုအပ်ချက်နှင့်အညီ စနစ်တကျ ရွေးချယ်စိစစ်ခွင့်ပြုခြင်းအတွက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ တာဝန်များကို အထောက်အကူပြုနိုင်ရန် **"နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဍ) တွဲဖက်အတွင်းရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

(ဎ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမြဲနေထိုင်ခွင့် လျှောက်ထားချက်များကို စိစစ်၍ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) အမြဲနေထိုင်ခွင့် သက်တမ်းတိုးလျှောက်ထားခြင်းကို စိစစ်အတည်ပြုခြင်း၊

(ဂ) အမြဲနေထိုင်ခွင့် လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းအတည်ပြု မှတ်ပုံတင်ခြင်း၊ ပျောက်ဆုံး၊ ပျက်စီးခြင်းအတွက် မိတ္တူထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို အတည်ပြုခြင်း၊

(ဃ) အမြဲနေထိုင်ခွင့်လက်မှတ် ရရှိထားသူ၏ ကိုယ်ရေးဖြစ်စဉ် ပြောင်းလဲခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို အတည်ပြုခြင်း၊

(င) အမြဲနေထိုင်ခွင့်ရရှိသူသေဆုံးခြင်းနှင့် အမြဲနေထိုင်ခွင့်လက်မှတ် ပြန်လည်အပ်နှံခြင်းနှင့် သက်ဆိုင်သော မှတ်တမ်းများ ထိန်းသိမ်းခြင်း၊

(စ) အမြဲနေထိုင်ခွင့် ရရှိသူအတွက် ဥပဒေက သတ်မှတ်ထားသော အခွင့်အရေးများ အပြည့်အဝ ခံစားနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) အမြဲနေထိုင်ခွင့်ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်းဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

(ဇ) ဝန်ကြီးဌာန၊ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက ထုတ်ပြန်ထားသော တားမြစ်ချက်များ၊ အမိန့်နှင့်ညွှန်ကြားချက်များကို သက်ဆိုင်သူများ သိရှိနားလည်လက်ခံနိုင်ရေးအတွက် စီမံခန့်ခွဲခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) ကျွမ်းကျင်မှုနှင့် ပညာအရည်အချင်းရှိသူများအား ရွေးချယ်ရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်သောပညာရှင်များကို ခေါ်ယူဆွေးနွေး၍ အကြံဉာဏ်ရယူခြင်း၊

(ည) ဝန်ကြီးဌာနနှင့် အကောင်အထည်ဖော်ရေး ဗဟိုကော်မတီတို့က အခါအားလျော်စွာပေးအပ်သော နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ဥက္ကဋ္ဌ
နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

နိုင်ငံတော်၏ စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (National Energy Management Committee) ကို (၉-၁-၂၀၁၃) ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့ပြီး အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှ ပထမဆုံးအချက်ဖြစ်သော အမျိုးသားစွမ်းအင်မူဝါဒအား ရေးဆွဲဆောင်ရွက်ပြီးဖြစ်ပါသဖြင့် အမျိုးသားစွမ်းအင်မူဝါဒစာတမ်းပါ နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍအားလုံးကို လွှမ်းခြုံမှုရှိသည့် မူဝါဒ (၉) ချက်ကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**အမျိုးသားစွမ်းအင်မူဝါဒ (၉) ချက်**

၁။ မြန်မာနိုင်ငံတွင် လက်တွေ့အသုံးပြုရန် အလားအလာကောင်းသော စွမ်းအင်သယံဇာတအရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်သက်ရောက်မှုအနည်းဆုံးဖြင့် သိပ္ပံနည်းကျ လက်တွေ့ရှာဖွေဖော်ထုတ်အသုံးပြုရန်နှင့် စနစ်တကျလေ့လာသိရှိသော ခိုင်မာသည့် အချက်အလက်များကို အခြေခံပြီး တိုင်းပြည်၏ ရေတို၊ ရေရှည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစိတ်စီမံချက် ချမှတ်ဆောင်ရွက်ရန်။

၂။ မြန်မာနိုင်ငံတွင် လက်ရှိဖွဲ့စည်းဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံပိုင်စွမ်းအင်လုပ်ငန်းအဖွဲ့အစည်းများကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ သုံးသပ်ပြီး ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ဆောင်ရွက်လာနိုင်မှု စွမ်းရည်မြှင့်တင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍမှ အဓိကဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန်။

၃။ စွမ်းအင်ကဏ္ဍအသီးသီး၏ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်ဖြည့်ဆည်းနိုင်မှု ပမာဏအမှန်ကိန်းဂဏန်းရရှိရေး ဆောင်ရွက်ရန်။

၄။ ရှာဖွေတွေ့ရှိသည့် စွမ်းအင်သယံဇာတများကို ထွက်ရှိရာ ဒေသအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအကျိုးကျေးရရှိသုံးစွဲမှုဖြစ်စေရေး ဆောင်ရွက်ရန်။

၅။ မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Energy Development) အတွက် ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သော လေ၊ နေ၊ ရေအား၊ ဘူမိအပူနှင့်ဇီဝစွမ်းအင်စသည့် (Renewable Energy) အမျိုးအစားများအား ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

၆။ စွမ်းအင်အသုံးပြုမှု စွမ်းရည်တိုးမြှင့်လာစေရေးနှင့်စွမ်းအင်ခြိုးခြံချွေတာရေးတို့ကို မြှင့်တင်ဆောင်ရွက်ရန်။

၇။ စွမ်းအင်ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေး၊ ဒီဇိုင်း၊ ထုတ်လုပ်ရေးနှင့် အတတ်ပညာဖြန့်ဖြူးရေးလုပ်ငန်းများ (Research, Development, Design & Dissemination) တည်ထောင်ဆောင်ရွက်ရန်။

၈။ စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန်။

၉။ စွမ်းအင်စျေးနှုန်းများ သတ်မှတ်ရာတွင် စွမ်းအင်ထုတ်လုပ်သူနှင့် စွမ်းအင်သုံးစွဲသူနှစ်ဦးနှစ်ဖက်စလုံးအတွက် စီးပွားရေး အာမခံချက်ရှိသည့် မူဝါဒများ ချမှတ်ရန်။

ဇေယျာအောင်
ဥက္ကဋ္ဌ
အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် )

**ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ခြင်းနှင့် ပုဂံဒေသအတွက် လတ်တလောဆောင်ရွက်ရမည့် စီမံခန့်ခွဲမှုအစီအစဉ် (Management Plan) များရေးဆွဲနိုင်ရေးအတွက် နိုင်ငံတော်အဆင့်က ဦးဆောင်သည့် "ကြီးကြပ်မှုအဖွဲ့" (Steering Committee) နှင့် "လုပ်ငန်းအဖွဲ့" (Working Committee) များဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်စွဲပါ စာအမှတ်၊ ၆၁ (၁)/၇/ သမ္မတရုံးအရ ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ဇုန်နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ခြင်းနှင့် ပုဂံဒေသအတွက် လတ်တလောဆောင်ရွက်ရမည့် စီမံခန့်ခွဲမှုအစီအစဉ် (Management Plan) များ ရေးဆွဲခြင်းတို့အတွက် နိုင်ငံတော်အဆင့်ကဦးဆောင်သည့် **"ကြီးကြပ်မှုအဖွဲ့" (Steering Committee) နှင့် "လုပ်ငန်းအဖွဲ့" (Working Committee)** များကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **ကြီးကြပ်မှုအဖွဲ့ (Steering Committee)**

| | | |
|---|---|---|
| (၁) | ဒေါ်စန္ဒာခင်<br>ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့<br>ယဉ်ကျေးမှုတာဝန်ခံဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါက်တာကျော်လတ်၊ မြို့ပြစီမံကိန်းပညာရှင်<br>မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း<br>မြန်မာ **ICOMOS** အဖွဲ့ဝင် | အဖွဲ့ဝင် |
| (၈) | ဦးညွန့်မောင်စန်း<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း<br>မြန်မာ **ICOMOS** အဖွဲ့ဝင် | အဖွဲ့ဝင် |

(၉) **Mr. Kai Weise** အဖွဲ့ဝင်
**UNESCO** မှ မြို့ပြစီမံကိန်းပညာရှင်
ဥက္ကဋ္ဌ၊ နီပေါနိုင်ငံ **ICOMOS** အဖွဲ့

(၁၀) ဒေါက်တာ စုစု အဖွဲ့ဝင်
ပါမောက္ခ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(၁၁) ကိုယ်စားလှယ် အဖွဲ့ဝင်
မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း

(၁၂) ကိုယ်စားလှယ် အဖွဲ့ဝင်
မြို့ပြစီမံကိန်းပညာရှင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၃) ဦးအောင်ကြိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
(ပုဂံ-ညောင်ဦးမြို့နယ်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(၁၄) ဦးသိန်းလွင် အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

**လုပ်ငန်းတာဝန်များ**

ကြီးကြပ်မှုအဖွဲ့ (Steering Committee) သည် ပုဂံဒေသရှိ အမျိုးသားယဉ်ကျေးမှုနှင့် အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်း (World Heritage List) အမည်စာရင်း တင်သွင်းရာတွင် အောင်မြင်စွာ တင်သွင်းနိုင်ရေးအတွက် ဇုန်နယ်နိမိတ်များပြင်ဆင်သတ်မှတ်ခြင်းနှင့် လတ်တလော (Management Plan) ရေးဆွဲခြင်းအတွက် အောက်ပါလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန်ဖြစ်ပါသည် -

(က) ပုဂံဒေသယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အမျိုးသားအဆင့် မူဝါဒနှင့် လုပ်ငန်းဆိုင်ရာလမ်းညွှန်မှု၊ စီမံခန့်ခွဲမှု၊ ဆုံးဖြတ်မှုတို့ကို ဆောင်ရွက်ရန်၊

(ခ) ပုဂံဒေသယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းမှုတွင် နိုင်ငံတကာမှ ချမှတ်ပြဋ္ဌာန်းထားသည့် မူဘောင်နှင့် (UNESCO) မှ သတ်မှတ်ချက်တို့နှင့် လိုက်လျောညီထွေဖြစ်ရန် ဦးဆောင်လမ်းညွှန် ဆောင်ရွက်ရန်၊

(ဂ) ပုဂံဒေသယဉ်ကျေးမှုအမွေအနှစ်အား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ဦးစွာဆောင်ရွက် ရမည့် ဇုန်နယ်နိမိတ် ပြင်ဆင်သတ်မှတ်နိုင်ရေးလုပ်ငန်းနှင့် လုပ်ငန်းအစီအစဉ်တို့တွင် စီမံခန့်ခွဲမှုနှင့် ဦးဆောင်လမ်းညွှန်မှုပေးရန်၊

(ဃ) ပုဂံဒေသအား ဇုန်ပြင်ဆင်သတ်မှတ်ရာတွင် ညောင်ဦးနှင့် ပုဂံမြို့များအား ကာကွယ်ထိန်းသိမ်း ထားသောဇုန် (Protected and Preserved Zone) အဖြစ်ပြင်ဆင်သတ်မှတ်ရာ၌ အားနည်းချက်များ မဖြစ်ပွားစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရန် -

(၁) မြို့ပြဧရိယာအတွင်းဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်လျက်ရှိသော ခွင့်ပြုချက် ထက် ကျော်လွန်ဆောင်ရွက်နေသော အဆောက်အအုံများကိုလည်း ဥပဒေနှင့်အညီ ပြန်လည် လျှော့ချထားစေပြီး တည့်မတ်ပေးနိုင်ရေး၊ ဥပဒေနှင့်အညီ တရားဝင် ဖြေလျှော့ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(၂) ကာကွယ်ထိန်းသိမ်းထားသောဇုန်အဖြစ် ပြောင်းလဲသတ်မှတ်ပါက အုပ်ချုပ်ရေးအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်သွားရန်၊

(၃) ကာကွယ်ထိန်းသိမ်းထားသောဇုန် (Protected and Preserved Zone) အဖြစ်သို့ ပြောင်းလဲသတ်မှတ်ပါက ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ယခင်ဥပဒေနှင့် မညီညွတ်မှုတို့အား ဥပဒေနှင့်အညီဆောင်ရွက်နိုင်မည်ဖြစ်၍ နောင်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဒေသခံများအား ဥပဒေနှင့်အညီ လေးစားလိုက်နာဆောင်ရွက်ရေး စည်းရုံးဆောင်ရွက်ရန်၊

(၄) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများ ထိခိုက်မှုနည်းပါးစေရေးနှင့် ဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုအား အမြဲမပြတ်စောင့်ကြည့်နိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စီမံကြီးကြပ်ဆောင်ရွက်ရန်၊

(၅) ကာကွယ်ထိန်းသိမ်းထားသောဇုန်အဖြစ် ပြောင်းလဲပါက ပုဂံညောင်ဦးမြို့ပြအတွက် အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်သဖြင့် မြို့ပြဧရိယာ သတ်မှတ်မှုအပေါ် မသမာမှုများ ရှိလာနိုင်သဖြင့် အထူးဂရုပြု ဆောင်ရွက်ရန်၊

(၆) နောင်တွင် ဤပြောင်းလဲသတ်မှတ်မှုကြောင့် ထိခိုက်မှုများ ဖြစ်ပေါ်လာမည်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကာကွယ်ထိန်းသိမ်းထားသောဇုန်အဖြစ် ပြောင်းလဲသတ်မှတ်ပြီးပါက ခွင့်ပြုနိုင်သည့် မူဘောင်တစ်ရပ် ကြိုတင်ရေးဆွဲထားရန်နှင့် အကြောင်းအရာအလိုက် ကန့်သတ်ချက်၊ ခွင့်ပြုနိုင်မည့် ပမာဏများ တိတိကျကျသတ်မှတ်ကာ လုပ်ထုံးလုပ်နည်းပါ ရေးဆွဲထားရန်။

( င ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန်ဇုန်ပြင်ဆင်သတ်မှတ်မှုအတွက် လိုအပ်သော အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာ အဆင့်တို့၌ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းဆက်စပ်မှုတို့နှင့် ပတ်သက်သော စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုပေးရန်၊

( စ ) လုပ်ငန်းအဖွဲ့၏ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်နေမှုများအား ကြီးကြပ်ကွပ်ကဲလမ်းညွှန်မှုပေးရန်၊

(ဆ) စနစ်တကျရေးဆွဲပြီးသော ဇုန်ပြင်ဆင်သတ်မှတ်ရေးနှင့် လတ်တလော စီမံခန့်ခွဲရေး အစီအစဉ်များ ရေးဆွဲပြီးပါက ဒေသတွင်း ချပြဆွေးနွေးပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် တင်ပြအတည်ပြုချက်ရယူ၍ ထုတ်ပြန်သွားရန်။

## (ခ) လုပ်ငန်းအဖွဲ့ (Working Committee)

| | | |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင် | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့နယ် | အဖွဲ့ဝင် |
| (၃) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုဂံမြို့ | အဖွဲ့ဝင် |
| (၄) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ညောင်ဦးမြို့နယ် | အဖွဲ့ဝင် |
| (၅) | ခရိုင်ဦးစီးဌာနမှူး<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညောင်ဦးခရိုင် | အဖွဲ့ဝင် |
| (၆) | ခရိုင်အင်ဂျင်နီယာမှူး<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၇) | ဒေါ်မိုးမိုးလွင်<br>Yangon Heritage Trust | အဖွဲ့ဝင် |

(၈) ဒေါ်ချောကလျာ — အဖွဲ့ဝင်
မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း

(၉) ဒေါ်နီလာကျော် — အဖွဲ့ဝင်
မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း

(၁၀) ဦးစိုးစိုးလင်း — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ပုဂံဌာနခွဲ

(၁၁) ဒေါ်ဥမ္မာမျိုး — တွဲဖက်အတွင်းရေးမှူး
UNESCO ညှိနှိုင်းရေးမှူး

## လုပ်ငန်းတာဝန်များ

စီမံခန့်ခွဲရေးအစီအစဉ်များ (Management Plan) များ ရေးဆွဲခြင်းတို့အတွက် နိုင်ငံတော်အဆင့်က ဦးဆောင်သည့် "လုပ်ငန်းအဖွဲ့" (Working Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပုဂံဒေသတွင် လက်ရှိတည်ရှိနေသော ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှု မဖြစ်စေရန်နှင့် မပျောက်ပျက်အောင် ဇုန်နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ရေးကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်၊

(ခ) မြို့ပြဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ စီမံချက်များကြောင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မထိခိုက်စေရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) UNESCO နှင့် အပြည်ပြည်ဆိုင်ရာ သတ်မှတ်ချက်များ၊ အကြံပြုချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မထိခိုက်စေရန် ကာကွယ်ထိန်းသိမ်းရာ၌ ဒေသအဆင့်တွင် ဆက်စပ်ဌာနများ၊ ဒေသခံများပူးပေါင်း ပါဝင်ဆောင်ရွက်လာနိုင်အောင် အခြေခံအဆင့် လုပ်ငန်းစဉ်နှင့် စီမံချက်များရေးဆွဲဆောင်ရွက်ရန်၊

(င) ပုဂံဒေသရှိ မြို့ပြဇရိယာ (ညောင်ဦးနှင့်ပုဂံ) များအား ကာကွယ်ထိန်းသိမ်းထားသော ဇုန်အဖြစ် ပြောင်းလဲသတ်မှတ်ရန်နှင့် အဆိုပါမြို့ပြဇရိယာများအတွင်းရှိ ရှေးဟောင်းဘုရား၊ အဆောက်အအုံများအား ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone) အဖြစ် တိုင်းတာသတ်မှတ်ရေးကို စနစ်တကျ ဆောင်ရွက်ရန်၊

(စ) မြို့ပြဇရိယာ တိုင်းတာသတ်မှတ်ရာတွင် ရှေးဟောင်းအဆောက်အအုံများ ထိခိုက်မှုမရှိစေရေး ဦးစားပေးဆောင်ရွက်ရန်နှင့် မြို့ပြဖွံ့ဖြိုးရေးကိုပါ ဟန်ချက်ညီညီ ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းသတ်မှတ်သွားရန်၊

(ဆ) လတ်တလောဆောင်ရွက်ရမည့် ပုဂံဒေသစီမံခန့်ခွဲရေး အစီအစဉ် (မူကြမ်း) ရေးဆွဲတင်ပြရန်နှင့် ဆက်လက်ရေးဆွဲမည့် Master Plan, Management Plan ကြီးများနှင့် ချိတ်ဆက်မိအောင် ရေးဆွဲရန်၊

(ဇ) UNESCO မှ သတ်မှတ်ထားသော ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး "မူ" များ၊ လုပ်ငန်းစဉ်များအား ဒေသရှိဌာနများနှင့် ဒေသခံများ လိုက်နာဆောင်ရွက်စေရေး ပညာပေးရန်၊ ကြီးကြပ်ရန်၊

(ဈ) ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ စီမံခန့်ခွဲနိုင်ရန် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသတွင်းရှိ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရန်၊

(ည) ယဉ်ကျေးမှု အမွေအနှစ်များရှိသောနေရာ၊ ကြားခံနေရာများနှင့်ပတ်သက်၍ လိုက်နာရမည့် အချက်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံများလိုက်နာစေရန် ကြီးကြပ်မှုပေးရန်၊ အသိပညာပေးရန်၊ ဟောပြောပို့ချရန်၊ ပူးပေါင်းပါဝင်အောင် လှုံ့ဆော်မှု ဆောင်ရွက်ရန်၊

(ဋ) ဒေသခံများကို ကမ္ဘာ့အမွေအနှစ် မူဘောင်၊ ရေရှည်စီမံခန့်ခွဲမှုဆိုင်ရာများ၊ ဒေသအခြေအနေ ဆိုင်ရာ Do's (လိုက်နာရန်) နှင့် Don't (ရှောင်ကြဉ်ရန်) များ၊ ကန့်သတ်ချက်များ၊ စည်းကမ်းများ လိုက်နာစေရန် ပညာပေးခြင်း၊ ဟောပြောခြင်းစသည်တို့ကို ဆောင်ရွက်ရန်။

အေးမြင့်ကြူ
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

**အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်
( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် )

### မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (Myanma Economic Holdings Ltd.) ၏ ခွင့်ပြုမတည်ငွေရင်း တိုးမြှင့်ခြင်း

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ယခင်ကုန်သွယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇/၁၉၉၀ (၂၉-၂-၁၉၉၀) ဖြင့် အထွေထွေလုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်း ပေးခဲ့သော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (Myanma Economic Holdings Ltd.) ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတို့တွင် ဖော်ပြထားသော ခွင့်ပြုမတည်ငွေရင်းကို ကျပ် ၁၀၀,၀၀၀,၀၀၀,၀၀၀ (ကျပ်သန်း တစ်သိန်းတိတိ) မှ ကျပ် ၁၅၀,၀၀၀,၀၀၀,၀၀၀ (ကျပ်သန်းတစ်သိန်း ငါးသောင်းတိတိ) သို့ တိုးမြှင့်ပြင်ဆင် သတ်မှတ်ခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

**အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၁၄)**

### ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက် (Ngwe Pinlae Livestock Breedings & Fisheries Co., Ltd.) ၏ ခွင့်ပြုမတည်ငွေရင်း တိုးမြှင့်ခြင်း

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၀၁ ဖြင့် စက်မှုလက်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်းပေးခဲ့သော ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီ လီမိတက် (Ngwe Pinlae Livestock

Breedings & Fisheries Co., Ltd.) ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတို့တွင် ဖော်ပြထားသော ခွင့်ပြုမတည်ငွေရင်းကို ကျပ် ၂,၅၀၀,၀၀၀,၀၀၀ (ကျပ်သန်းနှစ်ထောင့်ငါးရာတိတိ) မှ ကျပ် ၅,၀၀၀,၀၀၀,၀၀၀ (ကျပ်သန်းငါးထောင်တိတိ) သို့ တိုးမြှင့်ပြင်ဆင်သတ်မှတ်ခွင့်ပြုလိုက်သည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
လဲ့လဲ့သိန်း၊
ဒုတိယဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅**

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကမ်းခြေဒေသရေရှည် တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များနှင့်ပတ်သက်၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ကမ်းခြေဒေသရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန်အမိန့်**

၁။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေနှင့် မြန်မာ နိုင်ငံခရီးသွားလာရေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကမ်းခြေ**ဆိုသည်မှာ ပြန့်ပြူးပြေပြစ်သော ဆင်ခြေလျှောမြေပြင်တွင် သဘာဝရေပြာ၊ ဖြူဖွေး သန့်ရှင်းသော သဲသောင်နှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ပကတိအတိုင်းတည်ရှိနေပြီး အပန်းဖြေသူများအား ဘေးအန္တရာယ်ကင်းရှင်း၍ စိတ်ချမ်းမြေ့ပျော်ရွှင်မှုကို ရရှိစေရန် ခရီးသွား လုပ်ငန်းဝန်ဆောင်မှုပေးနိုင်သည့် ကမ်းခြေကို ဆိုသည်။

(ခ) **ကမ်းခြေဒေသ**ဆိုသည်မှာ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အပန်းဖြေခြင်း၊ လည်ပတ်ခြင်း၊ သွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းများ ဆောင်ရွက်နိုင်ပြီး ရေ၊ မြေနှင့် သဘာဝပတ်ဝန်းကျင်များ ပကတိအတိုင်းရှိ၍ ဒေသခံများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူနေမှုဘဝအခြေအနေများကို လေ့လာနိုင်သော သဘာဝအခြေခံခရီးသွားလုပ်ငန်း ဝန်ဆောင်မှုပေးရန်သင့်လျော်သည့် ကမ်းခြေ ဒေသကို ဆိုသည်။

(ဂ) **သဘာဝအခြေခံခရီးသွားလုပ်ငန်း**ဆိုသည်မှာ သဘာဝအရတည်ရှိနေသောဒေသများသို့ ယင်းဒေသ ထိန်းသိမ်းရေးအတွက်နှင့် ဒေသခံတို့၏ သာယာဝပြောရေးအတွက် တာဝန်သိစွာ ခရီးသွားသော ခရီးစဉ်ကို ဆိုသည်။

၂။ ကမ်းခြေဒေသတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာများ တည်ဆောက်လိုသူသည် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေပုဒ်မ ၈ အရ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ လုပ်ငန်းစီမံချက် စတင်အကောင်အထည်မဖော်မီ ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ တင်ပြ ရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိ၍ တည်ဆောက်ပါက အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ဟိုတယ်နှင့်တည်းခိုရိပ်သာများ၊ အပန်းဖြေစခန်းများ တည်ဆောက်ရာတွင် ကမ်းခြေဒီရေ အတက်ဆုံးနေရာမှ အနည်းဆုံး မီတာ ၅၀ အကွာတွင်မှ အဆောက်အအုံတည်ဆောက်ရန်။

(ခ) ဟိုတယ်နှင့်တည်းခိုရိပ်သာများ အပန်းဖြေစခန်းများ တည်ဆောက်ရာတွင် ယေဘုယျအားဖြင့် ၁၀ မီတာထက်မမြင့်သော ၂ ထပ်အဆောက်အအုံထက် မပိုစေရန်နှင့်ကမ်းခြေရှိ အမြင့်ဆုံး သစ်ပင်ထက် ပိုမမြင့်စေရန်။

(ဂ) ကမ်းခြေတစ်လျှောက်တွင် ထုထည်ကြီးမားသော အဆောက်အအုံများ တည်ဆောက်ခြင်းမပြုရန်။

(ဃ) ကမ်းခြေနှင့် လိုက်လျောညီထွေသည့် ဗိသုကာပုံစံမျိုးဖြင့် တည်ဆောက်ရေးပစ္စည်းများ ရွေးချယ် ဆောက်လုပ်ရန်။

(င) ကားရပ်နားရန်နေရာ အလုံအလောက်စီစဉ်ထားရှိ၍ ဧရိယာကို စိမ်းလန်းစိုပြည်လှပစေရန်နှင့် သစ်ပင်၊ ပန်းပင်နှင့် မြက်ခင်းများ စိုက်ပျိုးထားရှိရန်။

(စ) ပင်လယ်ပြင်တစ်လျှောက်ရှုခင်းများကို ပိတ်ကွယ်စေမည့် အကာအရံတံတိုင်းများကာရံထားခြင်း မပြုလုပ်ရန်။

(ဆ) တည်ဆောက်ရေးလုပ်ငန်းများတွင် ကမ်းခြေရှိ ကျောက်ဆောင်များ ဖြိုချခြင်း၊ သဲများတူးယူ၍ မြေဖို့ခြင်းနှင့် အသုံးပြုခြင်း မပြုလုပ်ရန်။

(ဇ) ဟိုတယ်တစ်ခုနှင့်တစ်ခုအကြား အများပြည်သူအတွက် ကမ်းခြေဆင်းလမ်းဖောက်လုပ်ထားရှိရန်။

(ဈ) ဟိုတယ်ဒီဇိုင်းမှာ မြန်မာမှုအခြေခံသော ဟိုတယ်ဒီဇိုင်းဖြင့် ဆောက်လုပ်ရန်နှင့် အရောင်အသွေးကို နောက်ခံသဘာဝ တောတောင်ရေမြေနှင့် လိုက်ဖက်မှုရှိစေရေးဆောင်ရွက်ရန်။ (အမိုး-အစိမ်းရောင်၊ မီးခိုးရောင်)

(ည) တောင်ကုန်းများပေါ်တွင် ဟိုတယ်တည်ဆောက်ပါက မြေများကို အလွန်အကျွံလှီးဖြတ်ခြင်း၊ တူးထုတ်ခြင်းမပြုဘဲ အတတ်နိုင်ဆုံး သဘာဝအနေအထားပေါ်တွင် မူတည်၍ အသစ်ဆောက်လုပ် ရန်နှင့် သစ်ပင်၊ သစ်တောများကိုလည်း အဆောက်အအုံနှင့် လမ်း၊ နေရာအတွက် လိုအပ်သမျှ ကိုသာ ခုတ်လှဲရန်။

(ဋ) တောင်ကုန်းပေါ်တွင် ဆောက်လုပ်မည့် အဆောက်အအုံများသည် ကမ်းခြေမှကြည့်သော် မိုးကောင်းကင်နောက်ခံ (Sky Line) အောက်တွင်ရှိရန်။

(ဌ) ကမ်းခြေဒေသဟိုတယ်များဆောက်လုပ်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်ထားသော ဟိုတယ်ဇုန်ဧရိယာအတွင်း၌သာ ဆောက်လုပ်ရန်။

(ဍ) မြေကိုအခြားနည်းဖြင့်အသုံးပြုခွင့် လယ (၃၀) ရပြီးသည့်မြေ၌သာ ဆောက်လုပ်ရန်နှင့် သစ်တောမြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့်ပလပ်မြေများတွင် ဆောက်လုပ်ခြင်းမပြုရန်။

(ဎ) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဆောက်လုပ်ခွင့်အမိန့်ရရှိပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်ပေးထားသောမြေနေရာ၌သာ အဆောက်အအုံ ဆောက်လုပ်ရန်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် ( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ရေတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

အမှတ်စဉ် ၁၁/၂၀၁၄ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**

**စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲ**

| | | |
|---|---|---|
| ဝင်းမောင်သန်း | ရေ | ၅၁၀၄ |

### (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )

အမှတ် ၁၂၃/၂၀၁၄ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| မောင်ရှိန်း | ကြည်း | ၆၇၄၆၉ |

### (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် )

အမှတ် ၁၅၄/၂၀၁၄ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့

အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | ချစ်ကိုကို | ကြည်း ၆၇၅၆၉ | (၄-၁၀-၂၀၁၄) |
| (၂) | ခင်မောင်ဝင်း | ကြည်း ၆၇၅၇၀ | (၅-၁၀-၂၀၁၄) |
| (၃) | မြင့်ဝေ | ကြည်း ၆၇၅၇၁ | (၅-၁၀-၂၀၁၄) |
| (၄) | မောင်မောင်ဝင်း | ကြည်း ၆၇၅၇၂ | (၅-၁၀-၂၀၁၄) |
| (၅) | တင်မြင့် | ကြည်း ၆၇၅၇၃ | (၅-၁၀-၂၀၁၄) |
| (၆) | မောင်ညွန့် | ကြည်း ၆၇၅၇၄ | (၅-၁၀-၂၀၁၄) |
| (၇) | စိုးမင်း | ကြည်း ၆၇၅၇၅ | (၅-၁၀-၂၀၁၄) |
| (၈) | ညွန့်ဆွေ | ကြည်း ၆၇၅၇၆ | (၅-၁၀-၂၀၁၄) |
| (၉) | လှစိုးတင့် | ကြည်း ၆၇၅၇၇ | (၅-၁၀-၂၀၁၄) |
| (၁၀) | ဝင်းကြည် | ကြည်း ၆၇၅၇၈ | (၅-၁၀-၂၀၁၄) |
| (၁၁) | ကျော်စိုး | ကြည်း ၆၇၅၇၉ | (၅-၁၀-၂၀၁၄) |
| (၁၂) | မင်းခေါင် | ကြည်း ၆၇၅၈၀ | (၅-၁၀-၂၀၁၄) |
| (၁၃) | သိန်းအေး | ကြည်း ၆၇၅၈၁ | (၅-၁၀-၂၀၁၄) |
| (၁၄) | ဝင်းဖေ | ကြည်း ၆၇၅၈၂ | (၅-၁၀-၂၀၁၄) |
| (၁၅) | သောင်းမြင့် | ကြည်း ၆၇၅၈၃ | (၅-၁၀-၂၀၁၄) |
| (၁၆) | ဆန်းလွင် | ကြည်း ၆၇၅၈၄ | (၅-၁၀-၂၀၁၄) |
| (၁၇) | စိုးမောင် | ကြည်း ၆၇၅၈၅ | (၅-၁၀-၂၀၁၄) |
| (၁၈) | မြင့်မောင် | ကြည်း ၆၇၅၈၆ | (၅-၁၀-၂၀၁၄) |
| (၁၉) | မောင်ဥ | ကြည်း ၆၇၅၈၇ | (၅-၁၀-၂၀၁၄) |
| (၂၀) | ဇော်ဟိန်း | ကြည်း ၆၇၅၈၈ | (၅-၁၀-၂၀၁၄) |
| (၂၁) | အောင်ဘို | ကြည်း ၆၇၅၈၉ | (၅-၁၀-၂၀၁၄) |
| (၂၂) | သောင်းဝင်း | ကြည်း ၆၇၅၉၀ | (၅-၁၀-၂၀၁၄) |
| (၂၃) | သိန်းလှိုင် | ကြည်း ၆၇၅၉၁ | (၅-၁၀-၂၀၁၄) |
| (၂၄) | မြင့်အောင် | ကြည်း ၆၇၅၉၂ | (၅-၁၀-၂၀၁၄) |
| (၂၅) | သန်းစိန် | ကြည်း ၆၇၅၉၃ | (၅-၁၀-၂၀၁၄) |
| (၂၆) | ခင်မောင်ညွန့် | ကြည်း ၆၇၅၉၄ | (၅-၁၀-၂၀၁၄) |
| (၂၇) | မင်းဆွေ | ကြည်း ၆၇၅၉၅ | (၅-၁၀-၂၀၁၄) |
| (၂၈) | တင့်လွင် | ကြည်း ၆၇၅၉၆ | (၆-၁၀-၂၀၁၄) |

# (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

အမှတ် ၁၅၆/၂၀၁၄ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

ဝင်းမြင့်အောင် ကြည်း ၆၇၅၉၇

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | { ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်<br>( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် ) } | သောကြာနေ့ |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### နမူနာ စံပြ ရောင်းဝယ်ရေး ကုမ္ပဏီ လီမိတက်
### TYPICAL TRADING CO.,LTD.

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နမူနာ စံပြ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (TYPICAL TRADING CO.,LTD.)** အား (၁၅. ၁. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ မတ်လ (၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးနေလင်းဦး
Managing Director
Typical Trading Co.,Ltd.

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၁၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## နမူနာ စံပြ ကျန်းမာရေးစောင့်ရှောက်မှု ကုမ္ပဏီလီမိတက်
## TYPICAL HEALTHCARE CO.,LTD.

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နမူနာ စံပြ ကျန်းမာရေးစောင့်ရှောက်မှုကုမ္ပဏီလီမိတက် (TYPICAL HEALTHCARE CO.,LTD.)** အား (၁၅. ၁. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်းခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ မတ်လ (၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးနေလင်းဦး
Managing Director
Typical Healthcare Co.,Ltd.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## နမူနာ စံပြ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
## TYPICAL CONSTRUCTION CO.,LTD.

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နမူနာ စံပြ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (TYPICAL CONSTRUCTION CO.,LTD.)** အား (၁၅. ၁. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ မတ်လ (၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝေဖြိုး
Managing Director
Typical Construction Co.,Ltd.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## နမူနာ စံပြ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်
## TYPICAL MINING CO.,LTD.

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နမူနာ စံပြ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (TYPICAL MINING CO.,LTD.)** အား (၁၅. ၁. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ မတ်လ (၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးနေလင်းဦး
Managing Director
Typical Mining Co.,Ltd.

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၀၁၂၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ကျေးဇူးတော် ကုမ္ပဏီလီမိတက်
## KYAY ZOO TAW CO.,LTD.

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကျေးဇူးတော် ကုမ္ပဏီလီမိတက် (KYAY ZOO TAW CO.,LTD.)** အား (၁၅. ၁. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်သူဇာကျော် (Managing Director) နှင့် ဦးကျော်မင်းအေး (Director) တို့အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ မတ်လ (၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သူဇာကျော်
Managing Director
Kyay Zoo Taw Co.,Ltd.

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၀၁၂၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ**
**သန့်မြန်မာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်**
**THANT MYANMAR CONSTRUCTION CO.,LTD.**
ဆန္ဒအလျောက် ဖျက်သိမ်းဆဲ

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **သန့်မြန်မာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (THANT MYANMAR CONSTRUCTION CO.,LTD.)** အား (၁၂. ၁. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးစိုးမြင့် (B.A, R.A.C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့် ရရန်ရှိနှင့် ပေးရန်ရှိသည်များကို (၆-၃-၂၀၁၅) ရက်နေ့တွင် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြော်ငြာပါသည်။

Thant Sin Soe
Managing Director
Thant Myanmar Construction Co.,Ltd.

ဦးစိုးမြင့်
(B.A, R.A.C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ**
**Thukha Myint Mo Construction Co.,Ltd.**
ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **Thukha Myint Mo Construction Co.,Ltd.** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၃. ၂. ၂၀၁၅) နေ့တွင် ကျင်းပသော သာမန်ထက် ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ဗဟန (နိုင်) ၀၃၃၇၂၂] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်-ရရန်ရှိသည်များကို (၂-၃-၂၀၁၅) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Myint U
Managing Director
Thukha Myint Mo Construction Co.,Ltd.

Daw Khin Win Yi
Liquidator
189, 2nd Fl. (left), Middle Block 39th Street,
Kyauktada Township, Yangon.

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ**
**Thukha Myint Mo Trading Co.,Ltd.**
ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **Thukha Myint Mo Trading Co.,Ltd.** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၃. ၂. ၂၀၁၅) နေ့တွင် ကျင်းပသော သာမန်ထက် ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ဗဟန (နိုင်) ၀၃၃၇၂၂] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်-ရရန်ရှိသည်များကို (၂-၃-၂၀၁၅) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Myint U
Managing Director
Thukha Myint Mo Trading Co.,Ltd.

Daw Khin Win Yi
Liquidator
189, 2nd Fl. (left), Middle Block 39th Street,
Kyauktada Township, Yangon.

**AYEYAR HINTHA MINING CO.,LTD.**
**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ**
ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း
**ကြေညာချက်**

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ (၃-၂-၂၀၁၅) ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၆-၃-၂၀၁၅) ရက်နေ့ နောက်ဆုံးထား၍ သက်သေပြ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးနေနေလွှမ်းမိုး
မန်နေးဂျင်းဒါရိုက်တာ
AYEYAR HINTHA MINING CO.,LTD.

ဦးခင်ဝင်း
B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi). D.Jap, M.P.A, M.A (B;L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၂၉၈၃၇၈၊ ၀၉-၅၀၀၈၅၈၃

**A T P Myanmar Co.,Ltd.**

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ**

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း

**ကြေညာချက်**

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ (၃-၂-၂၀၁၅) ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဥ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၆-၃-၂၀၁၅) ရက်နေ့ နောက်ဆုံးထား၍ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Dr. Aung Khaing
Managing Director
A T P Myanmar Co.,Ltd

ဦးခင်ဝင်း
B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi). D.Jap, M.P.A, M.A (B;L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၂၉၈၃၇၈၊ ၀၉-၅၀၀၈၅၈၃

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (E) အရ**

**(Technical World Myanmar Co.,LTD)** အား

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**(Technical World Myanmar Co.,LTD)** ၏ နောက်ဆုံးအစည်းအဝေးကို (၆. ၃. ၂၀၁၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် အမှတ် ၁၁ (အေ/ဘီ) ဟံသာဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

(ကျော်ညွန့်)
[B.A, D.S, C.P.A, (R.A)]
အမှတ် ၁၁ (အေ/ဘီ) ဟံသာဝတီလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၉၁/၆-၂-၂၀၁၅။